# အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲကျင်းပ




အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစုသည် တတိယခြေလှမ်းအနေဖြင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် အမျိုးသားညီလာခံပြီးမြောက်သည်အထိ ထောက်ခံမှုပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်းကို အဆိုပါအင်အားစုမှ ဦးထွန်းရွှေက ဇွန် ၉ ရက်တွင် ပြောကြားသည်။

ပထမအကြိမ်လှုပ်ရှားမှုအနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ဗိုလ်တထောင်မြို့နယ်တွင်ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်အနေဖြင့် ရန်ကုန်တိုင်းတောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် မေ ၉ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဦးတင်ရီက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ခရမ်းမြို့နယ်မှ NLD အဖွဲ့ဝင် ခုနှစ်ဦးနုတ်ထွက်သည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၈ရက်တွင် နောက်ဆုံးအကြိမ်အနေဖြင့် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံ မစတင်မီအချိန် စပ်ကြားတွင် ထောက်ခံပွဲအကြိမ်ရေအားဖြင့် သတ်မှတ်ချက်မရှိဘဲ ဆက်လက်၍ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားညီလာခံပြီးတဲ့အထိ ကြိုဆိုထောက်ခံရေးပွဲတွေလုပ်သွားမှာပါ၊ အကြိမ်အရေအတွက် ကန့်သတ်ချက်တော့ မရှိပါဘူး။ မြို့နယ်တွေကတောင်းဆိုတဲ့အပေါ် လုပ်သွားမှာပါ။ အခု ခရမ်းပြီးရင် ပဲခူးမှာပြုလုပ်ဖို့ မှန်းထားပါတယ်" ဟုပြောကြားခဲ့သည်။

ယင်းနေ့က ဦးထွန်းရွှေ၏ နိုင်ငံရေးအမြင် ရပ်တည်ချက်သဘောထားများနှင့် ရှေ့လုပ်ငန်းစဉ်များကို တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြပါသည်။

**မေး- အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစုဟာ နောင်တစ်ချိန်မှာ ပါတီဖွဲ့ဖို့ အစီအစဉ်ရှိပါသလား။**

အနာဂတ်ကာလပါတီဖွဲ့တဲ့အခါမှာ ကျွန်တော်တို့နေရာရဖို့အတွက် ပါတီတစ်ခုထောင်ဖို့အတွက် ပေါ်ပြူလာ ဖြစ်အောင်လုပ်တာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံအောင်မြင်ရေးမှာ အနှောင့်အယှက်ဖြစ်နေတဲ့သူတွေကို ဟန့်တားရေးနဲ့ ပြည်သူနဲ့ပူးပေါင်းပြီးတော့ ဆန့်ကျင်ဖို့ဆိုတဲ့ တစ်ခုပဲရှိတယ်။ နိုင်ငံရေးမျှော်မှန်းချက်ကတော့ ပါတီဖွဲ့ဖို့ ဘာမှမရှိပါဘူး။

**မေး- ပထမအကြိမ်လှုပ်ရှားမှုအနေနဲ့ ရန်ကုန်မှာလုပ်ခဲ့တယ်။ အခုဒုတိယအနေနဲ့ ခရမ်းဒေသကိုဘာကြောင့် ရွေးချယ်ခဲ့တာပါလဲ။**

အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးဆိုတဲ့ ငါးဦးစုစည်းတဲ့နေရာမှာ ခရမ်းကဦးတင်ရီဟာ ကျွန်တော်တို့ အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။ သူ့ဒေသမှာ သူနဲ့ဆန္ဒတူညီတဲ့သူတွေနဲ့ပေါင်းပြီးတော့ လူထုထောက်ခံပွဲတစ်ခု လုပ်ချင်တယ်ဆိုပြီးတော့ ရွေးတာပါ။

**မေး- နောက်ပိုင်းဘယ်ဒေသတွေမှာ ဆက်လက်ပြုလုပ်ဖို့ ရှိသေးလဲ။**

အခုကျွန်တော်တို့မှန်းတာကတော့ မြို့တွေတော့မပြောလိုဘူး။ မှန်းတာကတော့ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းမှာ ရှိမယ်။ အဲဒီတော့ အကြမ်းဖျင်းပြောရရင် ဖွဲ့စည်းပုံရေးဆွဲမပြီးမချင်း ဒီကိုလက်လှမ်းမီသလောက် လုပ်ဖို့ရှိပါတယ်။

**မေး- ဇူလိုင် ၁၈ ရက်မှာ နောက်ဆုံးအကြိမ်အနေနဲ့ ပြန်လည်စတင်မယ့် အမျိုးသားညီလာခံ မကျင်းပမီ**

**အချိန်အတွင်းမှာ ဒီလိုကြိုဆိုထောက်ခံမှုကို ဘယ်နှစ်ကြိမ်လုပ်မယ်လို့ ရည်ရွယ်ထားပါသလဲ။**

အဲဒီလို အကြိမ်နဲ့ကန့်သတ်ချက် မရှိပါဘူး။ အခုဆိုရင် တစ်ချို့မြို့နယ်တွေက တောင်းဆိုတယ်။ ကျွန်တော်တို့ ဆီကိုလုပ်ပေးပါဆိုပြီးတောင်းဆိုတယ်။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေး အဲဒီလိုတောင်းဆိုတဲ့အပေါ်မှာမူတည်ပြီး အချိန်အခါအရ လိုအပ်သလိုလုပ်သွားမှာပါ။

**မေး- အဲဒီလိုပွဲမျိုးကို အန်ကယ်တို့ဘာသာလုပ်တာလား၊ အစိုးရက ကူညီတာရှိပါသလား။**

မရှိပါဘူး။ စဖွဲ့ကတည်းက အဲဒါကြောင့်မို့လို့ ဒီနေ့ဆိုရင် ဆင်းဆင်းရဲရဲနဲ့လုပ်တာပါ။ ဘယ်လောက်ထိ ဆင်းရဲလဲဆိုရင် လိုင်းကားနဲ့လာရတယ်။ ဒီကို သတင်းစာဆရာကြီးများကို ကားနဲ့ခေါ်နိုင်ဖို့အတွက်တောင် အင်မတန် ကြိုးစားရတယ်။ ဘာကြောင့်လဲဆိုတော့ ပထမကတည်းက နိုင်ငံရေးလုပ်တုန်းကလဲ အာဏာရတဲ့ဘက်က လုပ်ခဲ့တာမဟုတ်ဘူးဆိုတော့ ကျွန်တော်တို့က အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို ခွဲမြင်တယ်။ ဒီနေ့ကာလဟာ ပါတီနိုင်ငံရေးကာလမဟုတ်ဘူး။ အမျိုးသားနိုင်ငံရေးကာလဖြစ်တယ်။ နိုင်ငံတော်မှာဖွဲ့စည်းပုံရေးဆွဲရေးအတွက် တစ်မျိုးသားလုံးမှာ တာဝန်ရှိတယ်။ ၁၉၈၈ ခုနှစ်က လစ်ဟာခဲ့တဲ့ ဖွဲ့စည်းပုံကိုဖြည့်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်နိုင်တစ်ပိုင်လေးပြုလုပ်တာပါ။

**မေး- NLD ပါတီဟာ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ခွင့်ရှိမရှိဆိုတဲ့ အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစုရဲ့ သဘောထားကိုသိချင်ပါတယ်။**

ဒါကအဆုံးအဖြတ်မပေးနိုင်သလို ကျွန်တော်တို့သဘောထား မရှိပါဘူး။ ကျွန်တော်တို့က အမြဲတမ်း NLD ကိုလက်တွဲခေါ်ပါတယ်။ ဒီနေ့အထိလဲ NLD ကိုဆန့်ကျင်တာ မဟုတ်ဘူး။ NLD ရဲ့ရပ်တည်ချက်ကို ပြောင်းပြီးတော့ အမျိုးသားညီလာခံလမ်းကြောင်းကို ဒီနေ့ဝင် ကျွန်တော်တို့ NLD ကို ဒီနေ့ထောက်ခံမယ် ဒါပါပဲ။ ဘယ်ပြဿနာမဆို ဒိုင်ယာလော့ လုပ်ရမယ်။တရားမျှတတဲ့ ဒိုင်ယာလော့သည် ကြိုတင်စည်းကမ်းကန့်သတ်ချက် မရှိရဘူး။ ဆိုလိုတဲ့ သဘောက NLD တောင်းနေတဲ့ ဒိုင်ယာလော့ကို ကျွန်တော်တို့မြင်တဲ့အမြင်က တစ်ဖက်သတ်သူ့ကို ဆုတ်ကိုင်ထားတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကရလဒ်ကို အသေဖြစ်ရမယ်။ အဲဒါ လွှတ်တော် ခေါ်ပေးရမယ်။ အာဏာလွှဲရမယ်ဆိုတဲ့ ဒီသုံးချက်ကို အသေကိုင်ပြီးတော့ တပ်မတော်အစိုးရနဲ့ ဒိုင်ယာလော့ လုပ်ရင်တော့ ကျွန်တော်ထင်တယ်။ အောင်မြင်ဖို့ မရှိဘူး။ တစ်ခုပဲ ရှိတယ်။ အမျိုးသားညီလာခံလမ်းကြောင်းမှာ တစ်လျှောက်လုံး နှစ်နှစ်ကျော်ကျော် ဒိုင်ယာလော့လုပ်ခဲ့တယ်။ အဲဒီပွဲမှာ ကျွန်တော်တို့ ရှင်းလင်းချက်မှာ တပ်မတော်အစိုးရက ဒိုင်ယာလော့ သုံးခုလုပ်ခဲ့တယ်။ ပထမ(၁)အချက်က အမျိုးသားညီလာခံ လမ်းကြောင်းမှာ ဒိုင်ယာလော့လုပ်တယ်။ ဒုတိယအချက်က သူတို့ရဲ့နောက်ဆုံးကြေညာချက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးစာကောက်နုတ်ချက်ပါတယ်။ အဲဒီအထဲထဲမှာ ဒေါ်အောင်ဆန်းစုကြည်သည် ဒီပဲယင်းမှာ သူ့ကို ဘယ်လိုပဲတိုက်ခိုက် တိုက်ခိုက် ဒီနေ့တပ်မတော်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ အမျိုးသားညီလာခံတက်ရန် သဘောတူခဲ့သည်ဆိုတဲ့ အပိုဒ်က ဒိုင်ယာလော့ပဲ။ ဒါက သူတို့ဟာသူတို့ ဝန်ခံထားတဲ့ အချက်ပဲ။ အမျိုးသားညီလာခံကို ကြိုဆိုတယ်။ ကျွန်တော်တို့လို ကြိုဆိုပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် NLDဟာ ကျွန်တော်တို့လက်တွဲဖို့ NLD ဖြစ်ရေးမဖြစ်ရေးဆိုတာ ကျွန်တော်တို့ ဆုံးလည်းမဆုံးဖြတ်နိုင်ဘူး။ ပျက်စေချင်တဲ့ ဆန္ဒလည်းမရှိဘူး။ ပါတီတစ်ရပ်အနေနဲ့ ရပ်တည်စေချင်ပါတယ်။ သို့ပေမဲ့ အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်တော့ တက်စေချင်ပါတယ်။